FAIR HOUSING CENTER of CENTRAL INDIANA

# အိမ်ပိုင်ရှင်များအတွက်အကောင်းဆုံးလုပ်ထုံးများ

## အကြောင်းအချက် စာရွက်

## နံပါတ် ၂

### အင်ဒီယာနာ၊ မျှတအိမ်ယာ စင်တာမှ ထုတ်ပြန်သည်

အိမ်ယာနှင့်ပတ်သက်၍ ဥပဒေနှင့်မကိုက်ညီပဲ ခွဲခြားပြုမူခြင်းများ ကျွန်ုပ်တို့၏ပတ်ဝန်းကျင်တွင် ရှိနေလျှင် ၄င်း၌လည်း အကျိုးဆက်များစွာ ရှိနေသည်။ အိမ်ယာဆိုင်ရာ ခွဲခြားပြုမူခြင်းသည် လူမှု အသိုင်းဝန်း ၏ စည်းရိုးကိုချိုးဖောက်ကာ ပဋိပက္ခများကို တွန်းအား ပေးနေသည်။ အိမ်ယာဆိုင်ရာ ခွဲခြားပြုမူခြင်းသည် အစွန်းရောက်လူမျိုးစွဲစိတ်ရှိခြင်းနှင့် အာဃာတအမုန်းတရားများ ထားရှိရန်အတွက်လောင်စာဖြစ်စေတတ် သည်။ အိမ်ယာဆိုင်ရာခွဲခြားပြုမူခြင်းကို လျစ်လျူရှုထားလျှင် လူမှုအသိုင်းဝန်းအတွင်း လိုအပ်သည့်အခါ အကူညီရယူနိုင်မှုကို လျော့ပါးစေသည်။

အိမ်ယာဆိုင်ရာ ခွဲခြားပြုမူခြင်းသည် လူနေရပ်ကွက်များကို အထီးကျန်စေပြီး လူမျိုးခွဲခြားဆက်ဆံသည့် ပုံသေကားကျပုံစံများကို ဖြစ်ပေါ်စေသည်။ အိမ်ယာဆိုင်ရာခွဲခြားပြုမူခြင်းများ များပြားလာသည်နှင့်အမျှ ယဥ်ကျေးမှု ကိုလေးစားခြင်းများ လျော့ပါးလာသည်။ အိမ်ယာဆိုင်ရာ ခွဲခြားပြုမူခြင်းသည် အိမ်ဈေးကျပ် တည်းလာခြင်း ၊ မှုမမှန်တော့သည့်အိမ်ယာနှင့် အိုးမဲ့အိမ်မဲ့ဖြစ်ခြင်း စသည့် အိုးအိမ်ဆိုင်ရာပြဿနာများကို လည်းဖြစ်ပေါ်စေသည်။

ပြည်သူ့အခွင့်အရေးနှင့် မျှတသည့်အိုးအိမ်ဆိုင်ရာ ဥပဒေသည် အိမ်ယာဆိုင်ရာခွဲခြားပြုမူခြင်းကို ဥပဒေနှင့် မကိုက်ညီကြောင်း ဖော်ပြလာသည်မှာ နှစ်ပေါင်း ၁၄၀ ပင်ရှိနေပြီဖြစ်သည်။ သို့သော်လည်း အိမ်ယာဆိုင် ရာခွဲခြားပြုမူခြင်းသည် ဆက်လက်ရှိနေသေး၏။ လူမှုအသိုင်းဝန်းများသည် မျှတသည့် အိမ်ယာ ခံစားခွင့်များ ရရှိနိုင်ကြရန်အတွက် စိတ်တူကိုယ်တူ အတူတကွရပ်တည်ရန် မလွဲမသွေလိုအပ်သည်။

အိမ်ယာနှင့်ပတ်သက်သည့်အပြောင်းအလဲမျာ ပြုလုပ်ရာတွင် မည်သူမဆို အိမ်ယာဆိုင်ရာဥပဒေကို လိုက် နာကျင့်သုံးရန် တာဝန်ရှိကြသည်။ မည်သူမဆိုဟု ဆိုရာတွင် အိမ်ရှင်၊ အိမ်ယာကွပ်ကဲသူ၊ အိမ်ငှား ဝန်ဆောင်သူ၊ အိမ်ဝယ်ရန်ချေးငွေထုတ်ပေးသူများ၊ အိမ်ပွဲစားများ၊ ကိုယ်စားလှယ်လုပ်ငန်းများနှင့် အိမ်ဈေး စစ်ဆေးသည့်သူများ အားလုံးပါသည်။ တမင်တကာ ပြဿနာရှာသည့် အိမ်နီးနားချင်းနှင့် လုံခြုံမှုမရှိသည့် အိမ်ယာစီစဉ်သူများ တွင်လည်း တာဝန်ရှိသည်။ အိမ်ယာစီစဉ်သူများသည် အားလုံးအတွက်မျှတသည့် အကျိုးခံစားခွင့်များ ရရှိနိုင်ရန် စီစဉ်ပေးသင့်သည်။ အောင်မြင်သည့်အိမ်ယာလုပ်ငန်းများ၏ လုပ်ဆောင် ချက်တချို့ကို ဥပမာယူနိုင်ပါသည်။

**၁။ မူဝါဒစာတမ်း။** ။ သင်တို့အဖွဲ့အစည်းသည် လူမျိုး၊ ဘာသာ၊ အသားအရောင်၊ မူရင်း နိုင်ငံ၊ မိသားစု အခြေအနေ၊ ဘိုးဘေးဇာတိ၊ အသက်အရွယ်၊ ရွေးချယ်သည့်လိင်၊ စစ်မှုထမ်းဟောင်းဖြစ်ခြင်း စသည်တို့ အပေါ်တွင်မူတည်ပြီး ဥပဒေနှင့်ဆန့်ကျင်သည့် ခွဲခြားမှုပြုခြင်းကို မပြုလုပ်ကြောင်း၊ မျှတသည့်အိမ်ယာ အခွင့်အရေးများကိုဖော်ဆောင်ကြောင်း စာတမ်းထုတ်ဝေပါ။ မူဝါဒ နမူနာ ကို (FHCCI) မှရယူနိုင်သည်။

**၂။ သင်တို့အလုပ်သမားအားလုံးအတွက် မျှတသည့်အိမ်ယာ ဥပဒေနှင့်ပတ်သက်ပြီး သင်တန်းများပေးပါ။**

**၃။ အောက်ပါအချက်လက်ပါ အလုပ်သမားနှင့်ဝန်ဆောင်သူများ လိုက်နာရန်အချက်များထားရှိပါ။**

- မူဝါဒနှင့် လုပ်ဆောင်ချက်မိတ္တူထားရှိခြင်း။
- တဦးခြင်းစီ၏အကျင့်စရိုက်များကို စီစစ်ခြင်း။
- လက်ရှိမျှတသည့် အိမ်ရာဥပဒေ။
- မျှတသည့်အိမ်ယာဆိုင်ရာဥပဒေကို ချိုးဖောက်လျှင် ဆိုဆုံးမခြင်းရှိမည်အကြောင်း ကို အတည်ပြုပါ။
- အိမ်ယာများကို လျှောက်ထားကြသည့်အခါ မည်သို့တုန့်ပြန်သင့်သည်ကို အလုပ်သမား များအား သင်တန်းပေးပါ။
- မျှတသည့်အိမ်ယာဆိုင်ရာသင်တန်းပြုလုပ်သည့် ရက်စွဲ၊ နေရာ၊ သင်တန်းအမျိုးအစား စသည်များကို အလုပ်သမားတစ်ဦးချင်းစီ၏ ဖိုင်တွဲတွင်ထားရှိပါ။

**။ ရုံးသုံး။**

- အိမ်ငှားများအတွက် မျှတသည့်အိမ်ယာဆိုင်ရာကြော်ငြာများ ထားရှိခြင်း။ အခမဲ့ ပိုစတာများ ထားရှိရန် (FHCCI) ကို ဆက်သွယ်ပါ။
- မျှတသည့်အိမ်ယာဥပဒေနှင့် ကိုက်ညီစွာကြော်ငြာထားရှိခြင်း။ အကောင်းဆုံးဆောင်ရွက် မှုမှာ၊ လူအကြောင်းမရေးပဲ၊ အိမ်ယာအကြောင်းများကိုသာ ရေးရန်ဖြစ်သည်။
- မျှတသည့်အိမ်ယာတံဆိပ်ပါသည့်လက်ကမ်း၊ ကြော်ငြာ–များထားရှိခြင်း။
- အလုပ်သမားများကိုမျှတသည့် အိမ်ယာဆိုင်ရာ သင်တန်းပြီးဆုံးသည့် သင်တန်းဆင်း လက်မှတ်များရရှိစေခြင်း။
- အိမ်ငှားဝန်ဆောင်သူများအားလုံးကို အားလပ်သည့် အိမ်များနှင့် အိမ်ငှားဆိုင်ရာ သတ်မှတ်ချက်များကို ညီတူစွာ သိရှိစေခြင်း။

**၅။ မျှတသည့်အိမ်ယာဆိုင်ရာကျင့်ထုံးများ**

- လူမျိုး၊အတန်းအစား ခွဲခြားခြင်းများရှိခဲ့လျှင် အထက်လူကြီးထံ အချိန်မီအကြောင်း ကြားပါ။
- အလုပ်သမားများကို မျှတသည့်အိမ်ယာဆိုင်ရာ အသိပညာ ရှိမရှိ စမ်းစစ်ခြင်း။
- ဓာတ်ပုံများထားရှိပါက၊ လူမျိုးအသီးသီးမှမော်ဒယ်များ၏ဓာတ်ပုံများကိုကြော်ငြာ များတွင်အသုံးပြုခြင်း။
- ဒေသအလိုက်သတ်မှတ်ထားသည့် တိုက်ခန်းအလိုက်လူဦးရေကန့်သတ်ချက်များကို သိရှိထားပြီး မိမိတို့သည်သူများထက် သတ်မှတ်ချက်မလွန်ကဲရန်သတိပြုခြင်း။
- မသန်စွမ်းသူတို့သည် အိမ်ယာနှင့် ပတ်သက်ပြီး မေးမြန်းရန်ရှိလျှင် မေးမြန်းနိုင်ကြ ရန်။
- အိမ်ယာဆိုင်ရာကြော်ငြာတိုင်းတွင် မျှတသည့်အိမ်ယာဆိုင်ရာ ခံစားခွင့်တံဆိပ်၊ စာတမ်း၊ ဆောင်ပုဒ်၊ စသည်များ ထည့်သွင်းထားပါ။ ကြော်ငြာများ၊ ကွင်းဆင်း ဆောင်ရွက်မှုများပြုလုပ်သည့်ရက်စွဲ၊ နေရာနှင့် အသုံးပြုသည့်အချက်လက်များကို ထားရှိကြရန်။
- ၁၉၉၁ မတ်လ ၁၃ ရက် နောက်ပိုင်းဆောက်လုပ်သည့် လူအများနေအိမ်ဖြစ်ပါက၊ အိမ်ယာသည် မသန်စွမ်းသူများဝင်ရောက်သွားလာနိုင်စေရမည်။
- မသန်စွမ်းသူများကိုကူညီသည့် အိမ်မွေးတရိစ္ဆာန်များ နှင့် ရိုးရိုးအိမ်မွေးတရိစ္ဆာန်များ ကွာခြားကြပုံကို အလုပ်သမားများသေချာစွာသိပါစေ။

**၆။** အလုပ်သမားတိုင်း ပုံမှန်ဆောင်ရွက်စေခြင်း။ အိမ်ငှားအားလုံးသည် တူညီသည့်အရည်အသွေး ပြည့်မှီ ရန်လိုအပ်သည်။ လူအားလုံးကို တန်းတူဆက်ဆံစေခြင်း။ အိမ်ရှင်များတွင်လည်း အခွင့်အရေးများရှိသည်။ ထိုအခွင့်အရေးများမှာ အိမ်ငှားများအား လျှောက်လွှာ ပါအချက်အလက်များနှင့်ကိုက်ညီမှုရှိစေခြင်း၊ အချိန်မီအိမ်လခပေးစေခြင်း၊ ဥပဒေနှင့်မူဝါဒများလိုက်နာစေခြင်း၊စသည်များ။

**ဥပဒေနှင့်ကိုက်ညီမှုမရှိသည့် အိမ်ယာဆိုင်ရာခွဲခြားဆက်ဆံမှုပြုခြင်း။**

- ကလေးရှိသော မိသားစုများအား အိမ်မငှားလိုခြင်း။
- မသန်မစွမ်းများကို စရံငွေပို ပေးစေခြင်း။
- မျှတသည့်အိမ်ရာဥပဒေမှ ကာကွယ်ပေးထားသည့် သူများအတွက် အိမ်ငှားရန်မရှိဟုဆိုခြင်း။
- လူတမျိုးတည်းကိုသာ ယုံကြည်နိုင်စွမ်းရည် (ခရေဒစ်) စစ်ဆေးစေခြင်း။
- ကလေးရှိသည့်သူများကို တိုက်ခန်းသီးသန့်အထပ်များတွင်သာ နေစေခြင်း။
- မသန်စွမ်းသည့်သူများကိုကူညီသည့် အိမ်မွေးတရိစ္ဆာန်များအတွက် ငွေကောက်ခံခြင်း။
- လိင်ဆက်ဆံခြင်းဖြင့် အိမ်ငှားခသနားပေးမည်ဖြစ်ကြောင်းပြောဆိုခြင်း။
- အာဖရိကန်–အမေရိကန်များကိုသာ မှုခင်းကင်းရှင်းကြောင်းစစ်ခိုင်းခြင်း။
- လူတန်းစားခွဲခြားထားသည့်သူများကိုသာ ဦးစားပေးကြောင်းကြော်ငြာခြင်း။

**မျှတသည့်အိမ်ယာဆိုင်ရာအကြောင်းလေ့လာသိရှိနိုင်သည့် နေရာများ**

- Fair Housing Center of Central Indiana: fhcci.org
- Indiana Civil Rights Commission: in.gov/icrc/
- Marion County Office of Equal Opportunity: indy.gov
- U.S. Department of Housing & Urban Development/Fair Housing: hud.gov/fairhousing
- U.S. Department of Justice/Civil Right: usdoj.gov/crt
- Fair Housing Advocate: fairhousing.com

ဤစာစောင်ထုတ်ဝေခြင်းအတွက် U.S. Department of Housing & Urban Development မှ ထောက်ပံ့ကူညီပေးသည်။ ဤစာစောင်ပါအချက်လက်များသည် ပြည်သူတို့အတွက်ရည်ရွယ်ထားခြင်းဖြစ်သည်။ စာရေးသူနှင့်ထုတ်ဝေသူတို့တွင် ဤစာစောင်ပါအချက်လက်များနှင့် ဘာသာပြန်ချက်များမှန်ကန်မှုအတက် လုံးဝတာဝန်ရှိသည်။ အထူးလိုအပ်ချက်ရှိသူ (disabilities) များအတွက် အခြားပုံစံဖြင့်ဤစာစောင်ကိုရယူလိုလျှင် တောင်းဆိုနိုင်သည်။ ဤစာစောင်သည် ဥပဒေရေးရာအကြံပေးချက်မဟုတ်ပါ။ ဥပဒေရေးရာအကြံပေးချက် ရယူလိုလျှင် ရှေ့နေတဦးဦးကို ဆက်သွယ်ပါ။

EQUAL HOUSING OPPORTUNITY